၊ ကိယာမသ်နေ့ အလ္လာဟ်အရှင်မြတ် ထံတွင်
အပြင်းထန်ဆုံးသောပြစ်ဒဏ်ကို ခံစားရမည့်သူများမှာ
အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းအား
လိုက်လံတုပပြုလုပ်သူတို့ပင် ဖြစ်သည်
မုအ်မင်န်တို့၏ မိခင်ကြီး အာအိရှဟ် (ရဿွိယလ္လာဟုအန်ဟာ)က ဆင့်ပြန်ပြောကြားခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည်
ကျွန်မထံကြွရောက်လာတော်မူသည်။ ထိုအချိန်တွင် ကျွန်မသည် မိမိ၏
ပစ္စည်းသိုလှောင်ခန်းငယ်လေး (နံရံတွင်ရှိသော အပေါက်သေးသေးလေးတစ်ခု)ကို
သက်ရှိရုပ်ပုံများပါသော ကန့်လန့်ကာဖြင့် ကာထားခဲ့သည်။ ၎င်းအား ကိုယ်တော်
တွေ့မြင်တော်မူသောအခါ ဆွဲချွတ်ပစ်တော်မူကာ ကိုယ်တော် ၏မျက်နှာတော်မှာ အရောင်
ပြောင်းလဲသွားပြီး ဤသို့ မိန့်ကြားတော်မူသည်။ "အို-အာအိရှဟ်၊ ကိယာမသ်နေ့
အလ္လာဟ်အရှင်မြတ် ထံတွင် အပြင်းထန်ဆုံးသောပြစ်ဒဏ်ကို ခံစားရမည့်သူများမှာ
အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းအား လိုက်လံတုပပြုလုပ်သူတို့ပင် ဖြစ်သည်။"
အာအိရှဟ်သခင်မက ပြောပြသည်မှာ - ထိုအခါကျွန်မသည် ထိုအဝတ်ကို ဆုတ်ဖြဲကာ
ခေါင်းအုံးတစ်လုံး သို့မဟုတ် နှစ်လုံး ပြုလုပ်လိုက်လေသည်။
[صحيح] [متفق عليه]
တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်ဟိဝစလ္လမ်) သည် အာအိရှဟ်သခင်မ၏ အိမ်သို့
ဝင်ရောက်လာခဲ့သည်။ ထိုအချိန်တွင် သခင်မသည် ပစ္စည်းများထည့်‌သော
သိုလှောင်ခန်းငယ်လေးကို သက်ရှိရုပ်ပုံများပါသော ကန့်လန့်ကာဖြင့် ကာထားသည်ကို
တွေ့ရှိတော်မူခဲ့သည်။ တမန်တော်မြတ်သည် အလ္လာဟ်အရှင်မြတ်အတွက် အမျက် ထွက်ကာ
မျက်နာတော်၏အရောင်မှာ ပြောင်းလဲသွားကာ မိန့်တော်မူသည်မှာ - ကိယာမသ်နေ့တွင်
အလ္လာဟ်အရှင်မြတ် ထံတွင် အပြင်းထန်ဆုံးသောပြစ်ဒဏ်ကို ခံစားရမည့်သူများမှာ
အလ္လာဟ်အရှင်မြတ်၏ ဖန်ဆင်းခြင်းအား လိုက်လံတုပပြုလုပ်သူတို့ပင် ဖြစ်သည်။
အာအိရှဟ်သခင်မက ပြောပြသည်မှာ - ထိုအခါကျွန်မသည် (ထိုအဝတ်ကို ဆုတ်ဖြဲကာ)
ခေါင်းအုံးတစ်လုံး သို့မဟုတ် နှစ်လုံး ပြုလုပ်လိုက်လေသည်။
https://www.sunnah.global/hadeeth/my/show/5931